# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 30 , 2025 Volume 97 , Number 19


| ၃၀-၁၂-၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၁.၇၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၄၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၇.၃၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၅၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၈.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပသို့ ဆန်တစ်မျိုးတည်းတင်ပို့မှုမှ နှစ်စဉ်ဒေါ်လာ ၁ ဘီလီယံနီးပါးရရှိနေ



ပြည်ပနိုင်ငံများသို့ ဆန်တစ်မျိုးတည်းတင်ပို့မှုမှ နှစ်စဉ်အမေရိကန် ဒေါ်လာ ၁ ဘီလီယံနီးပါးရရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဥက္ကဋ္ဌဦးရဲမင်းအောင်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ Melia Hotel ၌ ဒီဇင်ဘာ ၂၄ ရက်ကကျင်းပသော ဆန်အကြောင်း သိကောင်းစရာ ရှင်းလင်းတင်ပြဆွေးနွေးပွဲ၌ ထည့်သွင်းပြောကြားသည်။

ဆန်သည် မြန်မာတို့၏ အစားအစာစနစ်တွင် နေ့စဉ်အခြေခံလိုအပ်ချက်ဖြစ်နေပြီး မြန်မာပြည်သူလူထုအတွက် အရေးပါသော အဓိကစားသောက်ကုန်စည်တစ်မျိုးဖြစ်ကာ လက်ရှိတွင် ဆန်ထုတ်လုပ်မှုအနက် ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းတွင်စားသုံးကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာထုတ်လုပ်တဲ့ဆန်တွေရဲ့ ၈၀ ရာခိုင်နှုန်းလောက်က ပြည်တွင်းမှာစားပါတယ်။ ၂၀ ရာခိုင်နှုန်းပဲ တင်ပို့ပါတယ်။ ဒါပေမဲ့ ဒီ Export တင်ပို့တာလည်း ဈေးကွက်သေးသေးလေးတော့ မဟုတ်ပါဘူး။ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၁ ထောင်လောက်ဝင်ပါတယ်။ အမေရိကန်ဒေါ်လာ သန်း ၈၀၀၊ သန်း ၉၀၀၊ သန်း ၁၀၀၀ဆိုတာ နည်းတဲ့ဝင်ငွေမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ လောက် ဝင်ငွေရှာဖွေပေးနေတဲ့သီးနှံလည်းဖြစ်တယ်”ဟုဦးရဲမင်းအောင်ကပြောသည်။

ဆန်အကြောင်းသိကောင်းစရာ ရှင်းလင်းတင်ပြဆွေးနွေးပွဲတွင် မြို့နယ်များမှ စိစစ်ရွေးချယ်ထားသော အိမ်ရှင်မ ၂၀ ဝန်းကျင်မှ ၁ ဦးကို ရွေးချယ်၍ Rice Ambassador ခန့်အပ်ခဲ့ပြီး ခန့်အပ်ခံရသူသည် ၎င်းနေထိုင်သောရပ်ကွက်နှင့် အနီးအနားပတ်ဝန်းကျင်တွင် မှန်ကန်သောဆန်အကြောင်း သိကောင်းစရာဗဟုသုတ အတွေ့အကြုံများ၊ ဆန်အမျိုးအစားများနှင့် ဈေးနှုန်းများအကြောင်းကို မျှဝေလက်ဆင့်ကမ်းပေးနိုင်ရန်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် လက်ရှိတွင် ပို့ကုန်(၂)ဆ တိုးမြှင့်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် Rice Export Zone များကို မြို့နယ် (၁၀၀)ခန့်တွင် ဖော်ဆောင်ရန်ဆောင်ရွက်နေပြီး ၂၀၂၅-၂၀၂၆ ခုနှစ်နွေစပါးရာသီတွင် ဧက ၂၅၀,၀၀၀၊ ၂၀၂၆-၂၀၂၇ မိုးစပါးရာသီတွင် ဧက ၃၅၀,၀၀၀ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် နှစ်စဉ်ဧရိယာဧကတိုးတက်စိုက်ပျိုးသွားရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ဆန်တန်ချိန် ၅ သန်း တင်ပို့နိုင်ရေးအတွက် Export ၁ တန်လျှင် Rice Export Zone ၁ ဧက ရည်မှန်းလျက် စိုက်ဧက ၅ သန်းခန့်အထိ နှစ်စဉ်တိုးချဲ့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**Source :** https://npnewsmm.com/

## သံပရာသီးဈေးနှုန်း အနည်းငယ်ကျဆင်း



ကျောက်ဆည်ခရိုင်အတွင်းရှိ တောင်သူဦးကြီးများသည် စားဖိုဆောင် သီးနှံဖြစ်သော ငရုတ်၊ ကြက်သွန်၊ ပဲ၊ နှမ်းသီးနှံများအပြင် စီးပွားဖြစ်ဝင်ငွေ တိုးသော သံပရာပင်များကိုလည်း စိုက်ပျိုးလာကြသည်။

စိုက်ပျိုးသောသံပရာမျိုးများမှာ ဗမာသံပရာမျိုး၊ သံပယိုမျိုးများကို အများဆုံးစိုက်ပျိုးကြသည်။

သံပရာစိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်၍ စိုက်ပျိုးကြသလိုသံပရာကိုင်းဆက်ပျိုးပင်ကိုလည်းဝယ်ယူ၍ စိုက်ပျိုးကြသည်။

စိုက်ကျင်းအရွယ် ၂ပေ ပတ်လည် ကျင်းတူးပြီး မြေဆွေးရောစပ်၍ ၁၂ ပေကြား တစ်ပင်ဖြင့် တစ်ဧကကိုအပင် (၃၀၀) ကျော် ဝင်ဆံ့ကြောင်း၊ အပင်လျှင်မြန်ကြီးထွားစေရန်နှင့် ပန်းပွင့်ချိန်နှင့်အသီးပေါ်ချိန်များတွင် ရေလုံလောက်စွာသွင်းပေးရပြီး မြေဆီမြေသြဇာ ကျွေးရကြောင်း၊ သံပရာမျိုးစေ့ကို စိုက်ပျိုးပါက(၇-၈)နှစ်ကြာကြောင်း၊ ကိုင်းဆက်ပျိုးပင်ကို စိုက်ပျိုးပါက(၂)နှစ်အကြာ တွင်အသီးများစတင်သီးကြောင်း၊ သံပရာတစ်ပင်တွင် အသီးအထွက်နှုန်း ၁၀၀ မှ ၁၀၀၀ခန့်ထွက်ကြောင်း၊ တစ်ဧကအထွက် သံပုရာသီးအလုံးပေါင်း ၂၀,၀၀၀လုံး ခန့်ထွက်ကြောင်း၊ ဗမာသံပရာမျိုးနှင့် သံပယိုမျိုးများတွင် သံပယိုမျိုးက ပိုမိုထွက်ကြောင်း၊ ယခင်လတွင် ဗမာသံပရာသီး ဈေးနှုန်းအနေဖြင့် အလုံး ၁၀၀ တွင် ၂၃,၀၀၀ကျပ်၊ လက်လီတစ်လုံးလျှင် ၃၀၀ ကျပ်၊ သံပယိုသီးအလုံး ၁၀၀ တွင် ၁၂,၀၀၀ကျပ် ၊ လက်လီတစ်လုံးလျှင် ၁၅၀ ကျပ် ၊ ယခုလတွင် ဗမာသံပရာသီး ဈေးနှုန်း အနေဖြင့် အလုံး ၁၀၀တွင် ၂၀,၀၀၀ကျပ်၊ လက်လီတစ်လုံးလျှင် ၂၀၀ကျပ်၊ သံပယိုသီးအလုံး၁၀၀တွင် ၇၀၀၀ကျပ် ၊ လက်လီတစ်လုံး လျှင် ၇၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ သံပရာသီးများ ဈေးများတွင် ဝင်ရောက်မှုများပြားလာသဖြင့် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သံပရာစိုက်ပျိုးသော တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

## ညော့်မထဆန်(ဟောင်း)နှင့် ဖွဲနုဈေးများမြင့်တက်၍ ဆန်ကွဲB(1,2) နှင့် ဆန်ကွဲB(2,3,4) ဈေးများကျဆင်းကာ ညော့်မထဆန်(သစ်)နှင့် ပေါ်ဆန်းမွှေးဆန် ဈေးများတည်ငြိမ်

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါး လက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၂၂.၁၂.၂၀၂၅)ရက်နေ့တွင် ညော့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ညော့်မထဆန် (မနောသုခ) (သစ်)တစ်အိတ် ၅၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၂,၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၂၆၅၂၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

(၂၉.၁၂.၂၀၂၅)ရက်နေ့တွင် ညှော့မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၇၀၀၀၀ကျပ်၊ ညှော့မထဆန်(မနောသုခ)(သစ်) တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၃၈,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၆,၇၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော့မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၅၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၁၈၀ ကျပ် ဈေးများမြင့်တက်၍ ဆန်ကွဲB(1,2)တစ်အိတ် ၂၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၄၀၀၀ကျပ် ဈေးများကျဆင်းကာ ညှော့မထဆန်(မနောသုခ)(သစ်) နှင့်ပေါ်ဆန်းမွှေးဆန်ဈေးများတည်ငြိမ်လျက်ရှိသည်။

ညှော့မထဆန်(မနောသုခ)(ဟောင်း)နှင့် ဖွဲနုဈေးများ မြင့်တက်သွားခြင်းမှာ စပါးလက်ကျန်နည်း၍ကြိတ်ခွဲမှုနည်းသွားကာ ဆန်၊ ဖွဲနုလက်ကျန်များ နည်းသွားပြီး ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ပြီး ဆန်ကွဲB(1,2)နှင့် ဆန်ကွဲ B(2,3,4) ဈေးများ ကျဆင်းသွားခြင်းမှာ ဝယ်လိုအားနည်းသွားခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင် ထံက သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## နေလှည့်ပင်စိုက်ပျိုးဝင်ငွေတိုး





မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် အပူပိုင်းဒေသဖြစ်သည့်အတွက် ဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်သည့် နေလှည့်ပင်များလည်း ပေါက်ရောက်လျက်ရှိသည်။

ယခင်ကအလေ့ကျ ပေါက်ရောက်လျက်ရှိပြီး ယခုအခါတွင် တောင်သူများမှ မြေလွတ်မြေရိုင်းများပေါ်တွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။

နေလှည့်ပင် ၁ ဧက စိုက်ပျိုးမှုအနေဖြင့် မျိုး ၃ ပြည် ကုန်ကျကြောင်း၊ မျိုး ၁ ပြည်လျှင် ၇၀၀၀ ကျပ်ဖြင့် ဝယ်ယူစိုက်ပျိုးကြသည်။

မျိုး ၊ သွင်းအားစု ၊ လုပ်သားခအပါအဝင် စုစုပေါင်း ၂၀၀,၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း၊ နေလှည့်ပင်ကို ထွန်ဖုံးပတ်ကြဲစနစ်ဖြင့် စိုက်ပျိုးကြသည်။

ဩဂုတ်လမှ စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် စတင်ဆွတ်ခူးကြကြောင်း၊ နေလှဲ့သီးများရင့်မှည့်ချိန်တွင် အပင်ခြေမှ ခုတ်ယူ၍ အကိုင်းများကိုတုတ်ဖြင့် ရိုက်၍ခြွေကြရကြောင်း၊ ယခင်နှစ် နေလှည့်စေ့ တစ်ပိဿာလျှင် ၉၀၀၀ ကျပ်ဖြင့် ရောင်းခဲ့ရပြီး ယခုနှစ် နေလှည့်တစ်ပိဿာလျှင် ၆၀၀၀ ကျပ်ဖြင့် ရောင်းချရကြောင်း၊ နေလှည့် စိုက်ပျိုးမှုတွင် ကနဦးစိုက်ပျိုးစရိတ်သာကုန်ကျပြီး ကျန်နှစ်တွင် အတက်မွေး၍ နေလှည့်စေ့ကိုရယူကြောင်း၊နေလှည့်စိုက်ပျိုးမှုတွင် ကုန်ကျစရိတ်သက်သာပြီး ဝင်ငွေတိုးကြောင်း၊ နေလှည့်စေ့ကိုကြိတ်၍ အဆီထုတ်ကာ တိုင်းရင်းဆေးအဖြစ် အသုံးပြုကြောင်း၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သည် ဆိုရိုးစကားအတိုင်း နေလှည့်ပင်၏ အကျိုးကိုသိရှိသူများရှိသလို မသိရှိသူများလည်းရှိကြောင်း၊ နေလှည့်ပင်သည် မြေလွတ်မြေရိုင်းများတွင်ပက်ကြဲစနစ်ဖြင့် စိုက်ပျိုးရသဖြင့် ကုန်ကျစရိတ်သက်သာပြီး ဝင်ငွေများများရသဖြင့် စိုက်ပျိုးသင့်ကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

## စီမံကိန်းသတင်းများကြောင့် ပြင်ဦးလွင်မြေဈေး ထိုးတက်

စီမံကိန်းအသစ်များ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းများကြောင့်၊ ပြင်ဦးလွင်မြို့အနီးဝန်းကျင်ရှိ မြေဈေး များထိုးတက်သွားကြောင်းဒေသခံများထံကသိရသည်။

ဘူတာအဆင့်မြှင့်စီမံကိန်းအပါအဝင် စီမံကိန်းသုံးခုအား၊ မကြာခင်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းများထွက်ပေါ်လာပြီးနောက်၊ လက်ရှိအရောင်းအဝယ်ဖြစ်နေ သည့်ဈေးတန်းတစ်ခုမှ ရတ်တရတ်ထိုးတက်သွားခြင်း ဖြစ်သည်ဟုရင်းတို့ကဆိုသည်။




"စီမံကိန်းသတင်းတွေ ကြားကြားချင်းပဲ မြေဈေးက ထိုးတက်သွားတာ၊ သိန်းခြောက်ရာ၊ တစ်ထောင်အောက်ခေါ်တဲ့ မြေက သိန်းရှစ်ရာ၊ သိန်းတစ်ထောင်ကျော်ဂန်းကျင်ဖြစ်သွားတယ်၊ ဈေးခေါ်ကြည့်တယ်။ အဝယ်လိုက်လာရင် ဈေးထပ်တင်ပြီးခေါ်တယ်။ အလုပ်ဖြစ်တဲ့အခါရှိသလို၊ ဈေးဆွဲဆွဲတင်နေလို့ အလုပ်မဖြစ်တဲ့ ရက်တွေလည်း ရှိတယ်"ဟု ဒေသခံအိမ်ခြံမြေ အကျိုးဆောင်တစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ဘူတာအဆင့်မြှင့်စီမံကိန်း၊ မြို့မဈေးအဆင့်မြှင့်စီမံကိန်းနှင့် ရတနာပုံ ဆိုက်ဘာစီးတီး ပြန်လည်စတင်မည့် စီမံကိန်းများအား၊ မကြာခင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိကြောင်းသတင်းများထွက်ပေါ်နေသည်။

လက်ရှိအရောင်းအဝယ်ပြုလုပ်နေကြသည့်မြေများ စိတ်ချရမှုရှိမရှိနှင့်ပတ်သက်၍ စနစ်တကျစစ်ဆေးဝယ်ယူကြရန် ဝါရင့်အိမ်ခြံမြေအကျိုးဆောင်များနှင့် ရှေ့နေအသိုက်အဝန်းက သတိပေးပြောဆိုနေကြသည်။

**Source:** https://npnewsmm.com/

## ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ပို့ကုန်သည် ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံ၏ ကားတင်ပို့မှုသည် ယခင်နှစ်ထက် ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၇၈,၆၉၂ ယူနစ်သာရှိတော့ကြောင်း၊ ပြိုင်ဆိုင်မှုကြီးထွားလာနေချိန်တွင် အတွင်းပိုင်းလောင်ကျွမ်းအင်ဂျင်(ICE)ယာဉ်များသည် ပြည်ပဈေးကွက်များတွင် ကျဆင်းသွားသည်ဟု ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်(FTI)ကဆိုထားကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် "Car exports decline 12%" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ထိုသို့ဈေးကွက်ကျဆင်းခြင်းသည် ကမ္ဘာလုံးဆိုင်ရာ မော်တော်ကားထုတ်လုပ်သူများသည် ICE မော်ဒယ်များကို ဘက်ထရီလျှပ်စစ်ယာဉ်များ (BEV)များဖြင့် အစားထိုးခြင်း၊ နိုင်ငံအချို့တွင် ရေနံလောင်စာသုံးကားများအပေါ် ကာဗွန်ထုတ်လွှတ်မှုအခွန်အသစ်များနှင့် ထိုင်းနိုင်ငံ၏ ကုန်သွယ်ဖက်များအကြား စီးပွားရေးနှေးကွေးလာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ BEV ပို့ကုန်မြင့်တက်လာမှုသည် ICE တင်ပို့မှုများကို အဓိကမီခိုနေရဆဲဖြစ်သည့် ထိုင်းနိုင်ငံထက် ကျော်လွန်သွားကြောင်း၊ ယခုကာလအတွင်း အာရှသို့ ပို့ကုန်များသည် ၅ ဒသမ ၆၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဩစတြေးလျသို့တင်ပို့မှုသည် ၁၆ ရာခိုင်နှုန်းနှင့် EU သို့ တင်ပို့မှုသည် ၃၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အရှေ့အလယ်ပိုင်းသည် ကောင်းမွန်သောနေရာတစ်ခုဖြစ်ပြီး သုည ဒသမ၄၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ စီးပွားရေးကျဆင်းနေသော်လည်း ထိုင်းနိုင်ငံသည် အာရှနှင့်သမုဒ္ဒရာဒေသတွင်အဓိကပို့ကုန်တင်ပို့သူအဖြစ်ရှိနေဆဲဖြစ်ကြောင်း FTI ဒုတိယဥက္ကဋ္ဌနှင့် အသင်းချုပ်၏ မော်တော်ကားလုပ်ငန်းကလပ်၏ ပြောရေးဆိုခွင့်ရှိသူ Mr. Surapong Paisitpatanapong က ပြောကြားခဲ့သည်။

နိုဝင်ဘာလအတွင်း ရောင်းအားမှာ ၂၀ ဒသမ၆ ရာခိုင်နှုန်းမြင့်တက်ကာ ယူနစ် ၅၁,၀၄၄ ရှိခဲ့ရာ ပထမ ၁၁ လအတွင်း ပြည်တွင်းတွင် ကားရောင်းအား ၅ ဒသမ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သဖြင့် နှစ်အလိုက်ရောင်းအားမှာ ယူနစ် ၅၄၆,၀၄၅ ရှိခဲ့ပါကြောင်း၊ တိုးတက်မှုသည် ဝယ်ယူနိုင်သည့် BEV ဈေးနှုန်းများ၊ ထိုင်းဘဏ်၏ မူဝါဒအတိုးနှုန်းလျှော့ချပြီးနောက် ချေးငွေအတိုးနှုန်းများလျော့ကျလာခြင်းနှင့် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြီးဆုံးခဲ့သည့် ၁၂ ရက်ကြာကျင်းပခဲ့သော ထိုင်း နိုင်ငံတကာ မော်တော်ယာဉ်ပြပွဲအတွင်း ခိုင်မာသည့် အရောင်းမြှင့်တင်ရေးများကြောင့်ဖြစ်ကြောင်း၊ BEV ရောင်းအားသည် ယခုနှစ်တွင် ယူနစ် ၁၂၀,၀၀၀ အထိရောက်ရှိရန် မျှော်လင့်ထားပြီး မော်တော်ကားပြပွဲမှ ဝယ်လိုအားကြောင့် ယူနစ် ၁၀၀,၀၀၀ မှန်းထားသည်ထက် ကျော်လွန်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အသင်းအနေဖြင့် ၂၀၂၅ ခုနှစ်အတွက် ထုတ်လုပ်မှုခန့်မှန်းထားချက်ကို ၁ ဒသမ၄၅ သန်းတွင် ဆက်လက်ထိန်းသိမ်းထားပြီး ၎င်းပမာဏ၌ ပို့ကုန်အတွက် ၉၅၀,၀၀၀ နှင့် ပြည်တွင်းဈေးကွက်အတွက် ၅၀၀,၀၀၀ ပါဝင်ကြောင်း၊ ပို့ကုန်သည် မှန်းထားသည်ထက် လျော့နည်းသွားနိုင်သော်လည်း ပြည်တွင်းထုတ်လုပ်မှုမှာ ယူနစ် ၆၀၀,၀၀၀ အထိမြင့်တက်လာနိုင်ကြောင်း၊ အစိုးရ၏ လှုံ့ဆော်မှုအစီအစဉ်များအောက်တွင် BEV ထုတ်လုပ်မှုတိုးမြှင့်လာခြင်းကြောင့် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၏ မော်တော်ကား

ထုတ်လုပ်မှုသည် ယခင်နှစ်ထက် ၁၁ ရာခိုင်နှုန်းမြင့်တက်လာပြီး ၁၃၈,၂၂၂ ယူနစ်ရှိခဲ့ကြောင်း၊ သို့သော် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ စုစုပေါင်းထုတ်လုပ်မှုမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး ယူနစ် ၁,၃၄၁,၇၁၄ ရှိခဲ့ကြောင်း၊ လာမည့်နှစ် အစောပိုင်းတွင် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲအပြီးတွင်အစိုးရသစ်သည်တိုးတက်မှုကိုလှုံ့ဆော်ရန်နှင့်ယုံကြည်မှုကို ခိုင်မာစေရန် ရည်ရွယ်သည့် စီးပွားရေးအစီအစဉ်များကို မိတ်ဆက်လိမ့်မည်ဟု အသင်းက မျှော်လင့်ထားကြောင်း၊ ယင်းကဲ့သို့သော အစီအမံများသည် မော်တော်ကားလုပ်ငန်းနှင့် စီးပွားရေးနှစ်ခုစလုံးအတွက် အကျိုးရှိသင့်ကြောင်း Mr. Surap-ong က သုံးသပ်ထားပါသည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## တရုတ်နိုင်ငံသည် စင်္ကာပူနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် အေးခဲဝက်သားများ တင်ပို့မည်

တရုတ်နိုင်ငံသည် စင်ကာပူနိုင်ငံသို့ အေးခဲဝက်သား(chilled pork)ကို ပထမဆုံးအကြိမ် တင်ပို့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်(Hunan Province)မှ အရာရှိများနှင့် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ အာဖရိကဝက်တုပ်ကွေးကပ်ရောဂါ(global African swine fever epidemic)ကြောင့် ၂၀၁၈ ခုနှစ်တွင် တင်သွင်းမှုပိတ်ပင်ထားခဲ့ပြီးနောက် စင်ကာပူနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ အေးခဲဝက်သားကို ပြန်လည်တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ပြီး တစ်နှစ်ကျော်အကြာတွင် နှစ်နိုင်ငံအစားအစာကုန်သွယ်မှုတိုးချဲ့လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၊ ချန်ဒီမြို့(Changde)၊ ဟန်ရှူကောင်တီ(anshou County)ရှိ ဝက်သားထုတ်လုပ်သူ Hunan Huale Foodstuff Co., Ltd ၏ဒုတိယအထွေထွေမန်နေဂျာ Peng Huifeng က ပထမဆုံးတင်ပို့မှုများသည် တစ်လကျော်အတွင်း စင်ကာပူနိုင်ငံသို့ ရောက်ရှိရန်မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ယင်းသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံချင့်မြူနီစီပယ် (Chongqing Municipality)တွင်ကျင်းပသော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် တရုတ်-စင်ကာပူပူးတွဲကောင်စီ(China-Singapore Joint Council)၏ ဒီဇင်ဘာလ ၁၅ ရက်

နှစ်ပတ်လည်အစည်းအဝေးတွင်ရရှိခဲ့သော ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်များ၏ နောက်ဆက်တွဲအကောင်အထည်ဖော်ဆောင်ရွက်မှုဖြစ်သည်။

အစားအစာကုန်သွယ်မှုသဘောတူညီချက်(food trade agreement) အရ ချုံချင့်၊ ဟေလုံကျန်း (Heilongjiang)နှင့် ဟူနန်(Hunan)ပြည်နယ်များမှ ဝက်သားနှင့် ပြုပြင်ထားသော ဝက်သားထုတ်ကုန်အချို့ကို စင်ကာပူနိုင်ငံသို့ တင်ပို့သွားမည်ဖြစ်သည်။ချုံချင့်နှင့် ဟေလုံကျန်းပြည်နယ် တို့သည် ပြုပြင်ထားသော ဝက်သားထုတ်ကုန်များကို ထောက်ပံ့ပေးနိုင်သော်လည်း ဟူနန်ပြည်နယ်သည် လက်ရှိတွင် စင်ကာပူနိုင်ငံသို့ အေးခဲဝက်သား(chilled pork)၊ ရေခဲရိုက်ဝက်သား(frozen pork)နှင့် ပြုပြင်ထားသော ဝက်သားထုတ်ကုန်များ(processed pork products)ကို တင်ပို့ခွင့်ပြုထားသည့် တစ်ခုတည်းသော ပြည်နယ်တစ်ခုဖြစ်ကြောင်း ဟူနန်ပြည်နယ်၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဌာန(Department of Agriculture and Rural Affairs)မှ အရာရှိ Wu Shenshu က ပြောကြားခဲ့သည်။

Wu ၏ပြောကြားချက်အရ အဆိုပါတင်ပို့မှုများသည် စင်ကာပူနိုင်ငံ၏ ပထမဆုံးအေးခဲဝက်သားတင်သွင်းမှုဖြစ်ပြီး Huale Foodstuff သည် စင်ကာပူနိုင်ငံသို့ ဝက်သားအစိမ်းနှင့် ချက်ပြုတ်ထားသော ဝက်သားနှစ်မျိုးလုံးကို တင်ပို့ရန်မှတ်ပုံတင်ထားသော တစ်ခုတည်းသော တရုတ်ကုမ္ပဏီဖြစ်သည်။

စင်ကာပူနိုင်ငံသည် ပြည်တွင်း၌ ဝက်မွေးမြူခြင်းမရှိဘဲ နှစ်စဉ်အေးခဲဝက်သားတန်ချိန် ၇၀,၀၀၀ ခန့်စားသုံးကြောင်း Wu က ပြောကြားခဲ့သည်။ ဟူနန်ပြည်နယ်သည် ယင်းဈေးကွက်၏ ထက်ဝက်ခန့်ကို (၂)နှစ်အတွင်း သိမ်းပိုက်ရန် ရည်ရွယ်ထားပြီး ၎င်းသည် တစ်နေ့လျှင် စားသုံးမှုတန်ချိန် ၁၀၀ ကျော်နှင့်ညီမျှကြောင်း Wu က ထပ်လောင်းပြောကြားခဲ့သည်။

အစားအစာဘေးကင်းလုံခြုံမှုရှိစေရန်အတွက် ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် ဇီဝလုံခြုံရေးထိန်းချုပ်မှုများ (biosecurity controls)ကို အားကောင်းစေရန်အတွက် တင်ပို့သူအား ပံ့ပိုးရန် ချန်းရှ(Changsha) အကောက်ခွန်နှင့်အခြားအေဂျင်စီများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Wu က ပြောကြားခဲ့သည်။

Huale Foodstuff ၏ လုပ်ငန်းများသည် ဝက်မွေးမြူခြင်း၊ သားသတ်ခြင်းနှင့် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တစ်နှစ်လျှင် ဝက်အကောင်ရေ ၁၂၀,၀၀၀ ခန့်ထုတ်လုပ်ကြောင်း Hanshou ကောင်တီ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဌာန အကြီးအကဲ Xiao Min က ပြောကြားခဲ့သည်။

ဟောင်ကောင်မြို့သို့ ဝက်များထောက်ပံ့ပေးရာတွင် ဆယ်စုနှစ်ခြောက်ခုကျော်အတွေ့အကြုံရှိသော ဝက်ထုတ်လုပ်သူ Hunan New Wellful Co., Ltd. သည် Huale Foodstuff သို့ တစ်နှစ်လျှင် ဝက်အကောင်ရေ ၂၀၀,၀၀၀ ထပ်မံထောက်ပံ့ပေးနိုင်ပြီး ဆေးဝါးအသုံးပြုမှုနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ နည်းပညာပံ့ပိုးမှုများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း Xiao က ပြောကြားခဲ့သည်။

**Source :** https://en.people.cn/n3/2025/1222/c90000-20405035.html

**(လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)**

## STOCK EXCHANGE (30.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Dec. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,277 (Shares) | 24,117,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 1 | 8,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 2,355 | 8,713,500 | 38,929,150 | 144,038 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 635 | 5,016,500 | 10,400,986 | 82,168 |
| FPB | 00004 | 2,400 | +0 | +0.00% | 2,450 | 2,450 | 2,400 | 1,070 | 2,581,500 | 29,664,613 | 71,195 |
| TMH | 00005 | 3,300 | -500 | -13.16% | 3,700 | 3,700 | 3,300 | 350 | 1,275,950 | 12,823,224 | 42,317 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,727 | 2,774,550 | 19,977,223 | 31,964 |
| AMATA | 00007 | 4,900 | +500 | +11.36% | 4,400 | 4,900 | 4,400 | 164 | 723,600 | 10,497,598 | 51,438 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 975 | 3,022,900 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 30th Dec. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.04 | +0.01 | +0.00% | 415.14 | 419.08 | 415.04 | 7,277 | 24,117,100 | 8 | 782,849 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 30th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 12,962 (Shares) | 205,489,100 (MMK) |

## Main Board

As of 1:00 pm, 30th Dec. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,277 (Shares) | 24,117,100 (MMK) |

| MYANPIX | 415.04 ▲ 0.01 |
|---|---|
| Total Volume (shares) | 7,277 |
| Total Value (MMK) | 24 mil |
| Listed Company | 8 |
| Market Cap. (MMK) | 782,849 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 2,400 | ▲ 0 |
| TMH | 00005 | 3,300 | ▼ 500 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 500 |
| MAEX | 00008 | 3,150 | ▲ 50 |

TIR